ဗုဒ္ဓဟူ ပုတ္တဟူ ဗုဒ္ဓဟူးနေ့တို့သည်၊ သက္ကရဋ္ဌ သဒ်တ ဗုဓ်ဝါရ ပါ၌ ဗုဒ္ဓဝါရ ဗုဒ္ဓါဟ တို့မှ ရွှေလျော လာကြောင်းထင်ရှားခြေသည်။ တနည်းလည်း ဗုဒ္ဓဝါရမှ ၆နှ်တို့က ဗုဒ္ဓဝါ မြန်မာတို့က (ဝါ) ကို (ဦ) ပြုကာ အဓက (ဗုဒ္ဓဦ) နောင်မှ ရွှေလျော၍ ဗုဒ္ဓဟူ ဗုဒ္ဓဟူးဖြစ်လာခြေသည်။
ကြသပတိယ်နိုယ် ကြသပတိယ် ကြာသပတိယ် ကြာသာပတေးနေ့ ဟူသောအမည်တို့သည် သက္ကရဋ္ဌ သဒ်တ ဇြိဟသ္ပတိမှ ရွှေလျောလာကြောင်း ထင်ရှား၏။
သုကြာနိုယ် သောက်ကြာနိုယ် သုကြာနိုယ် ၆ နိုယ် သောကြာနေ့ဟူသော အမည်တို့သည် ပါ၌ သုက္ကဝါရ သက္ကရဋ္ဌ သဒ်တ ဇုကြဝါရ ဇုကြဝါရ သုက္ကရတို့မှ ရွှေလျောလာကြောင်း ထင်ရှား၏။ စနိယ်နိုယ် စနေနေ့ဟူသော အမည်တို့သည်။ ပါ၌ သနိဝါရ သက္ကရဋ္ဌ သဒ်တ စနိဝါရ စနိစ္စရတို့မှ ရွှေလျောလာခဲ့ကြောင်း ထင်ရှား၏။

ပါ၌ သက္ကရဋ္ဌ တို့မှ ဆင်းသက်ရွှေလျောလာပုံ

၅၌သို့၊ ပါ၌ဘာသာဝေါဟာရ သင်သကြိုက်ခေါ် သက္ကရဋ္ဌ သဒ်တဘာသာဝေါဟာရတို့မှ ဆင်းသက်ရွှေ လျောလာကြသော အထက်ပါမြန်မာနေ့အမည်များသည် ထိုဘာသာတို့မှ တိုက်ရိုက်မလာခဲ့ကြ၊ မွန်တို့ထံမှတဆင့် ရွှေ့လျောလာကြပုံရခြေသည်။ အထူးသဖြင့် ဆဋ္ဌနေ့ဖြစ်သော သောက်ကြာနိုယ်၊ ၆နိုယ်၊ သောကြာနေ့နှင့် သတ္တမ နေ့ဖြစ်သော စနိယ်နိုယ် စနေနေ့တို့၌ ထင်ရှားခြေသည်။

မွန်တို့က၊ (အ့) (ဥ) သရကို (အော) (အောက်) ဟုလည်း ဖတ်ကြရှုတ်ကြကုန်၏။ ထိုကြောင့် လည်း ပုဂံကို ပေါက်ဟုလင်း ပေါက်က်ဟုလင်း ခေါ်တွင်သည်ဖတုတ်ပါခြေ့။ ဖြူလုမျိုးကို ပြောလုမျိုး၊ ပြောက်လုမျိုးဟု ခေါ်တွင်သည်ကိုလည်း ထောက်ထားရာ၏။

ထားဝယ်စကားနှင့် မွန်အသံ

မွန်တို့က အုကို အော၊အောက် ရွတ်ဆိုသည်ကိုထိုက်၍ လည်းထားဝယ်သူ ထားဝယ်သားတို့က အုံခုံဝင်ကို အောင်ခေါင်ပန်၊ လက်ဆုံကို လတ်ဆောင်၊ထည့်ပါဆုံကို ထဲ့ပါခေါင် စသည်ဖြင့် ပုဂံခေတ်မှသည် လိုက်လျော၍

ရွတ်ဖတ်ခေါ်ဝေါ်ခဲ့ရာ ယခုအခါတိုင်အောင်ပင် အောက်ပါမြန်မာလက်ာကို ထားဝယ်တို့က မွန်သံဖြင့် ရွတ်ဖတ်သီဆိုနေကြချေသည် မဟုတ်ပါလော့။

ထိုးနှင့်သဲးနှင့် အမျှပြုတ်။
အုတ်ရှစ်ကျိုထုတ် ရေတမှတ်။
တင်လဲးနောက်ထပ် နှစ်မှုတ်မှတ်။
ကျဲကော်ဝါးမှုတ် ခြောက်မှုတ်အုံခုံ။
နောင်နောင်မလွဲ တို့မောင်းထဲမှာ ထည့်ပါတို့။
လက်ဆုံမယ်နှင့် တွယ်ယှက်ရ။
ဘယ်မှဝမ်းပန်း သာမည်လေး။
အေ—အေ—အေ့—နောင်ဝေး၊

ဤလက်ာကို ထားဝယ်သူ ထားဝယ်သားတို့ ရွတ်ဆိုကြသည်ကား။

ထိုးနဲသဲန အမျှပြု၊
အုရှစ်ကျိုထု ရေတမှ၊
တန်လဲနောက်ထပ် နှစ်မှုမှတ်၊
ကွဲကော်ဝါးမှု ခြောက်စုအောန်ဒေါ်နဲ်။
နောန်နောန်မလွဲ နို့မောန်းထဲမှာ ထဲပါဒေါင်။
လတ်ဆောင်မယ်န တွဲရှစ်ရ။
ဗယ်မှဝမ်းမန်း သာမည်လေး။
အေ—အေ—အေ့— နောန်ဝေး။

ခွန်တို့ထိမှ တဆင့်

ဤသို့လျှင်မွန်တို့က အုသရကို အောသရ အောက်သရကဲ့သို့ ရွတ်ဖတ်ပြောဆိုကြသည်ကို ပုဂံကောင်းစား စဉ်ကတည်းက မြန်မာတို့ကအတုယူကြကာ ပါဠိသုဏ္ဏ သဏ္ဌာန်ဂုဏ်ကြတို့ကို သုက သုကြဟုမရွတ်ဘဲး သောက်ကြာနိယ် သောကြာနေ့ ဖဲနိယ် ဟုရေးကြရွတ်ကြ ဇတ်ကြလေတော့သည်။

မြန်မာတို့က သောကြာနေ့ကို ဖ နိယ်၊ ဖနေ့၊ ဖကြာနေ့ဟု တခါဘရံ ရေးကြခြင်းသည်လည်း ပါဠိအရှိန်အဝါမကင်းချေ။ ဧက၊ ဒွေ၊ တိ၊စတု၊ ပဉ္စ၊ ဆ၊ သတ္တ၊ အဋ္ဌ၊ နဝ၊ ဒသ ဟု တစ်၊ဒွစ်၊သုံး၊လေး၊ငါး၊ခြောက်၊ခုနစ်၊ ရှစ်၊ကိုး၊တဆယ် ဟူသော ဂဏန်းများကိုပါဠိလိုခေါ်ဆိုသော်လည်း ဧကာဒသ၊ဒွါဒသ၊သို့မဟုတ် ဗါရသ၊တေရသ၊ စတုဒ္ဒသ၊ ပန္နရသ၊ သောဠသ ဟူ၍ မြန်မာ တဆယ့်တစ်၊ တဆယ့်နှစ်၊ တဆယ့်သုံး၊တဆယ့်လေး၊တဆယ့်ငါး၊ တဆယ့်ခြောက်တို့ကို ပါဠိလိုခေါ်ဆိုချေသည်။ ထိုကြောင့် သောသည်ပါဠိစကား၊မြန်မာလို (ဖ) ခြောက်ဖြစ်ခြင်းကြောင့်၊ သောကြာကို တခါတရံ ဖကြာဟု ရေးသည်ဟု မှတ်သားထားကြရာသတည်း။

သတ္တမနေ့ကို စနိယ်နိယ်၊ စနေ့နေ့ဟု မြန်မာတို့က ပုဂံကောင်းစားစဉ်ကတည်းက ရေးကြ မှတ်ကြ ဖတ်ကြ ရွတ်ကြ ခေါ်ဝေါ်ကြရာ၌ ပါဠိမှတိုက်ရိုက်ယူလျင်၊ သနိနေ့ဟူ၍သာ ရေးသားဖတ်ရွတ်တန်ရာ၏။ သက္ကဋ သဒ်တမှ တိုက်ရိုက်ယူလျင် ဇနိနေ့၊ ဇနိစ္စရ ဟုသာရေးမှတ်ဖတ်ရွတ်တန်ရာ၏။ ခွန်တို့က (သ) ဗျည်းသံကို (စ) သံဖြင့် ရွတ်ဖတ်ခြင်းကြောင့်၊ မြန်မာတို့က ထားဝယ်သားတို့ကို အတုယူလိုက်လျောဖတ်ရွတ်ကာ၊ (နို့) ကို (နေ) ပြုပြီးသော် (စနေ) နေ့ဟု ရေးသားဖတ်ရွတ် ပြောဆိုလာကြကုန်၏ ဟုမှတ်သားထားကြရာသတည်း။

(အိ) သရကို (အေ) သရပြသော သာဓကကား များစွာ၏။ (အမိ) ကို (အမေ) ခေါ်သည်ကို အလွယ်တကူ ထောက်ထားကြရာသတည်း။

တနဂ်ခွေ၊ တနလ်ာ

တနဂ်ခွေ၊ တနလ်ာ ဟု မြန်မာတို့ကခေါ်ကြသည်ကို၊ ခွန်တို့က တဲ့အပိတ်၊ တဲ့စန်ဟု ယခုအခါ ခွန်တို့က ခေါ်ဆိုကြ၏။

ကုန်စစ်သားမင်းတရား၏ နန်းတည်ကျောက်စာခေါ်၊ သရဝါတိုခါးအနီးသွင်၊ မြန်မာနိုင်ငံတော် ကမ္ဘည်းကျောက်စာဌာနက ဇွေယျိ၍၊ ပုဂံပြတိုက်၌ ဖိုက်ထူထားသော ရှေးဟောင်းမွန်ကျောက်စာ၌၊ အောက်ပါအတိုင်း ခွန်နေ့ ခုနစ်နေ့အမည်များကို တွေ့မြင်ဖတ်ရှုရ၏။

တွေယ်အာဒိတ္တဝါရ	C.1.22, H.1.9, M.1.10.
တွေယ်စန်ဒဝါရ်	B.1.12, C.1.30, E 1, 15, L.1.18.
ဥဿာဇောဂအက်ာရ	C.1.12.
တွေယ်ဗုဒ္ဓဝါရ	L.1.5, 7, 10, 13, 16.
တွေယ်မြတသ္ပတိ	E.1.21.
တွေယ်သုက္ကဝါရ်	D.1.16, F.1.1, J.1 31, M.1.6
တွေယ်သ္ဆိသ္စရ်	B.1.17, D.1.43, G.1 9.

မြန်မာလိုပြန်ဆိုလျင်၊

(တွေယ်အာဒိတ္တဝါရ) သည်	(နေနေ့) ဖြစ်၏။
(တွေယ်စန်ဒဝါရ) သည်	(လနေ့) ဖြစ်၏။
(ဥဿာဇောဂအက်ာရ) သည်	(အင်္ဂါနေ့နံနက်စောစော) ဖြစ်၏။
(တွေယ်ဗုဒ္ဓဝါရ) သည်	(ဗုဒ္ဓဟူနေ့) ဖြစ်၏။
(တွေယ်မြတသ္ပတိ) သည်	(ကြာသပတေးနေ့) ဖြစ်၏။
(တွေယ်သုက္ကဝါရ်) သည်	(သောကြာနေ့) ဖြစ်၏။
(တွေယ်သ္ဆိသ္စရ်) သည်	(စနေနေ့) ဖြစ်၏။

ထိုသို့မပြန်ဆိုဏ္ဍ၍၊ မွန်နိုင်ငံတဝက် မြန်မာလိုတပိုင်း၊ တွေယ်အာဒိတ္တဝါရကိုတငေယ်နေနေ့ ဟူ၍ဲ့ ၎င်း၊ တွေယ်စန်ဒဝါရ်ကို တငေယ် လနေ့ဟူ၍ဲ့ ၎င်း ဘာသာပြန်ဆိုမှ (တငေယ်) ဟူသောမွန်ဝေါဟာရကို မဒီမသ (တနင်း) ဟုရေးမှတ်ဖတ်ဆိုကာ၊ (နေ) ကိုလည်း နွေ ဟုရွတ်ဖတ်လျက်၊ (တနင်းနွေ) ဟုရွတ်ဆိုရာမှ (တနင်းကနွေ) ဟု (က) အာဂုံလာပြန်ပြီးလျင်၊ ယခုတိုင်အောင် ရေးမှတ်ရွတ်ဆိုကြကုန်သတည်း။

(က) အာဂုံလာခြင်း၏အထောက်အထားသည်၊ မြန်မာစာရေးထုံး၌ များလှစွာ၏။ ပျာယာကို ကပျာကယာ၊ စဉ်ရဲးကို ကစဉ်ကရဲး၊ တောက်ဆကို ကတောက်ကဆ၊ အနိုင်အထက်လုယူသည်ကို၊ နိုင်ထက်ကလူ မြန်မြန်ဆန်ဆန်လုပ်သည်ကို ကမန်းကတန်း၊ချော်ချော်ခွာတ်ခွာတ်လုပ်သည်ကို ကချော်ကခွာတ်၊ပျက်ခြီးပျက်ချော်လုပ်သည်ကို ကရော်ကမည်၊ တိမ်းတိမ်းပါးပါးဖြစ်သည်ကို ကတိမ်းကပါး စသည်ဖြင့်များစွာပင်ရှိကုန်၏။ အသံကိုယှိသမျှ ဒီသအောင် အတိအကျမဆိုဘဲ၊ အသံပိုထည့်သွင်းခြင်း အလေ့အထသည် မြန်မာမှသာမဟုတ် ပါဠို၊ အင်္ဂလိပ်တို့ဌာလည်း ယှိကြချေသည်။ ပါဠိဋ္ဌဲ ဝတ္တဲ့တိကို ပဝတ္တဲ့တိ ဟု (ပ) အပိုနှင့်၎င်း၊ ဥစ္စတောကို ဝုစ္စတောဟု (ဝ) အပိုနှင့်၎င်း၊ ဇဟာတိကို ပဇဟာတိ ဟု (ပ) အပိုနှင့်၎င်း စသည်ဖြင့် လာယှိကုန်၏၊ အင်္ဂလိပ်၌ special ကို especi il ဟု (e) . အပိုနှင့် specially ကို especially ဟု (e) အပိုနှင့်စသည်ဖြင့် လာယှိသည်ဟုပြင်၊ warranted နှင့် guarantee ဟူ၍စကားနှစ်ခုံ goal နှင့် jail ဟူ၍ နှစ်ကျိုးနှစ်ခုံ စာလုံးပေါင်းရေးထုံးယှိခြင်းသည်လည်း၊ နောင်ခံတို့ အင်္ဂလန်ပြည်ကို စိုးမိုးစဉ်က နောမ်တို့က အင်္ဂလိပ်အက္ခရာ အချို့ကို ဝိသဇောင် မရွတ်မဖတ် မဆိုမပြောနိုင်ခြင်းကြောင့်ဝင်မဟုတ်ပါလော။

ထိုနည်းတူစွာ ဤသို့မြန်မာတို့ရွတ်ဆိုရာ၌ ခဝိသခြင်းကြောင့် မိုးဥတု၊ဆောင်းဥတု၊နွေဥတုကို မိုးဥတု၊ဆောင်းဥတု၊ နွေဥတုဟု နှစ်ဝဲသံလျက် နေအစားနွေဖြစ်နေသည်အတိုင်း၊ တငေယ်နေနွေအစား တနင်းကနွေ (တနင်းကနွေ) (တန်နှင်ကနယ်) (တန်နှင်ကုနယ်) နွေဟူ၍ ရေးမှတ် ရွတ်ဖတ် ခေါ်ဝေါ် လာခဲ့ကြကုန်တော့သတည်း။

လ ကိုလည်းလာဟုရေးသားရွတ်ဖတ်ကြသည့်သာဓကကိုပြရမည်ဆိုလျင်၊ (အ) သရကို (အာ) သရပြုသည့် အထောက်အထား များလှစွာ၏။ သာသနာကို သာသနဟုရေးရမည့်အစား သာသနာဟု ရေးမှတ်ရွတ်ဖတ်ကြ၏။ ရတနာကို ရတနဟုရေးရမည့်အစား ရတနာဟု ရေးကြဖတ်ကြ၏၊ မင်္ဂလံကို မင်္ဂလဟုရေးရမည့်အစား မင်္ဂလာဟု ရေးမှတ်ရွတ်ဖတ်ကြ၏။ ထိုကြောင့် (တငေယ်လနေ့) ဟုရေးရမည့်အစား (တနင်းလာနေ့) ဟုငင်း၊ (တန်နှင်လာနိယ်) ဟုငင်း၊ (တန်နှင်လနိယ်) ဟုငင်း၊ (တန်နှင်လာနိယ်) ဟုငင်း ရေးမှတ်ရွတ်ဖတ် ခေါ်ဝေါ်လာခဲ့ကြကုန်သတည်း။

ဒိနက်ရသသီ

မကြာခဏိက ပျံလွှန်တော်မူရှာသွားသော ကျေးဇူးရှင် အဂ္ဂမဟာဗဏ္ဍိတ ဆရာတော်ဦးစဏ္ဍာပါလသည်၊ တနင်္ခွေနေ့ကို ပိုနက်ရနေ့ဟူသော ပါဠိမြန်မာမှလာသည်ဟူ၍ငင်း၊ တနလ်ာနေ့ကို သသီလနေ့မှ လာသည်ဟူ၍ငင်း မိန့်ကြားတော်မူတုံး၏။

ဒိနက်ရမှ တနင်းက၊တနင်္ခဏ်ဖြစ်လာတို့မလွှဲယ်၊ရေးထုံးသာကေပြတို့ခက်လှ၏။ သသီမှ တနင်း တနင်းဖြစ်လာတို့လည်း၊ဗျည်းအပြောင်းအလဲးအနေနှင့် (သ) မှ (တ) ဖြစ်တို့ သွယ်တိ၏၊ (သီ) မှ (နင်း) ဖြစ်တို့ကား ဲခဲးယဉ်းအိုကောင်း။ထိုကြောင့် (ဒိနက်ရ) တို့ (သသီ) တို့သည်ပါဠိဝေါဟာရအနေနှင့်နေဟော လဟောတို့ဖြစ်ကြသော်လည်း၊ (တနင်း) ပုဒ်သို့ ရွှေ့လျောကြမည့်ပုဒ်များ မဖြစ်နိုင်ဟု မှတ်သားထားကြရာသတည်း။

ခွန်တို့၏ အဖတ်အဆို မဒီသမှု

ဆိုမိန့်ရွတ်ဟ ရွတ်ဖတ်ပြောကြားခြင်း မဒီသမှုသည်၊နွေခုနစ်နေ့ အတွက် မြန်မာများကသဘ မဒီသကြသည်မဟုတ်၊ ခွန်များကလည်းမဒီမသရွတ်ဖတ်ပြောဆိုခြင်းကြောင့်၊နွေခုနစ်နေ့တို့၏အသည်များသည်ခွန်လူမျိုးတို့အတွက် ပုဂံခေတ်ကအရေးအသားနှင့် ယခုခေတ်အရေးအသားတို့သည် တနှင့်တခုမဟူ၊ တမျိုးတဖုံကဲခြားတပါး ဖြစ်၍ နေချေ၏။ ယှဉ်တွဲ၍ရှင်းပြပါအံ့။

ပုဂံခေတ်	ယခုခေတ်
တွေယ်အာဒိတ္တဝါရ	တဲ့အိုက်
တွေယ်စန္ဒဝါရ	တဲ့စန်
တွေယ်အင်္ဂါရ	တဲ့အင်္ဂါ
တွေယ်ဗြဟသ္ပတိ	တဲ့ဗြဟတ်
တွေယ်သုက္ကြဝါရ	တဲ့သိုက်
တွေသိုသ္ဘရ်	ကျဲသိုသဝ်

တွေယ်မှာ သဝေထိုးပြွတ်ကာ၊ ယသတ်ကိုနောက်ဖစ်လုပ်လိုက်လေသည်။
အာဒိတ္တမှာ အာကို အ ပြု ဒိတ္တကို ဒိုတ်ပြုလိုက်လေသည်။
ဝါရကို ဖြွတ်ပစ်ခဲ့လေသည်။
စန္ဒမှာ စန်ကိုသာယူ၍ ဒြကိုဖြွတ်ပစ်ခဲ့လေသည်။
ဝါရိကိုလည်း ဖြွတ်ပစ်ခဲ့လေသည်။
အင်္ဂါရကို အင်္ဂါလုပ်လိုက်လေသည်။
ဗုဒ္ဓဝါရမှာ ရကိုဖြွတ်ပြီး၊ ဗုဒ္ဓဝါဟု ရေးသားလိုက်၏။
မြဟသ္ပတိကို မြမတိဟု မဒီမဿရွတ်ဖော်ခေါ်ဝေါ် ရေးသားလိုက်ကြ၏။
မွန်တို့နည်းတူ မြန်မာထို့ကလည်း၊ကြာသပတေးဘု ရွတ်ခေါ်ဆိုလိုက်ကြ၏။
သုက္ကြဝါရကို သိုက်ဟုတိုတိုဆိုလိုက်ရေးလိုက်ကြ၏။သို့သွန်၌ (သို့) ကို ဝီဗီမဆို (သို့) ဟုရေးကာ (ဟို့ကဲ့) ဟု ယခုအခါရွတ်ဖတ်ပြောဆို၍ နေကြ၏။
သွရိသည် (သောရိ) ဟူသော ပါဠိမှလာ၏။ (သောရိ) ဟူသော ပါဠိပုဒ်သည် စနေဂြိုဟ်၊ ဂြိုဟ်ကြီး ၉ လုံးတွင် ၇ ခုမြောက်ဂြိုဟ်ကိုဟော၏။
ပါဠိဝေါဟာရ သောရိကိုပုဂံခေတ်မွန်မှာများက သွန်ဟုရေး၍ ယခုအခါ (သင်) ဟု ရေးကြကာ (စင်) ဟုငင်း (စော) ဘုငင်း ရွတ်ဖတ်ပြောဆိုကြကုန်၏။ တနည်းလည်း၊ ရှေးမွန်-သို့သွန် နှင့်ယခုမွန် သို့သဝိတ်ဂိုသည်၊ သက္ကဋ သခ်တ (ဓနိဋ္ဌရ) မှ ဆင်းသက် ရွှေလျောလာပုံရပါသတည်း။
၌သို့ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့်၊ မြန်မာနေ့ ခုနစ်နေ့၏ အမည်များဆိုင်ရာ ဋ္ဌိကာအလင်းပြ သခ်ိပသည် ပြီးဆုံးခြင်းသို့ ရောက်ပါပြီ။

အကျဉ်းမှတ်ရန်ကား

(၁) တနင်္ဂနွေသည်၊ တို့နေ တဲ့နေ နေ့နေ့ဖြစ်၏။
(၂) တနင်္လာသည်၊ တို့လ တဲ့လ လနေ့ဖြစ်၏။
(၃) အင်္ဂါသည်၊ အင်္ဂါရ ပါဠိမှလာယို့၏။ မီးကျိန်းခဲးဟုလည်းအဓိပ္ပါယ်ရ၏။
(၄) ဗုဒ္ဓဟူးသည်၊ ဗုဒ္ဓဝါရ၊ ဗုဒ္ဓါဟ ဟူသော ပါဠိမှလာယို့၏။ ဗုဒ္ဓနေ့ဟု အဓိပ္ပါယ်ရ၏။
(၅) ကြာသပတေးသည်၊ ပြိတသွတိ ဟူသော သက္ကဋ သခ်တ ပုဒ်မှလာယို့၏။ ကြီးမားသော အသျှင် သခင် ဟု အဓိပ္ပါယ်ရ၏။
(၆) သောကြာသည်၊ မွန်မှတဆင့် ပါဠိ-သုက္က၊ သက္ကဋရကြောပုဒ်တို့မှလာ၏။
(၇) စနေသည်၊ မွန်မှတဆင့် ပါဠိ-သနိ၊ သက္ကဋ ဇနိမှလာ၏။

(၂) ရှေးဟောင်းမြန်မာအက္ခရာစာတမ်း (ပဏာမအခန်း)

ပြည်ထောင်စု မြန်မာနိုင်ငံ ကမ္ဘည်းကျောက်စာ သုတေသနဋ္ဌာနှင့် နှစ်ရှည်လများက ရှာဖွေစုဆောင်းထားသော ကျောက်စာ၊ ပေစာ၊ လက်ရေးစာ၊ အုတ်ပုံနှိပ်စာများ အခြောက်အမြားယိုရှာ၊ ၎င်းတို့မှာ ဘာသာအားဖြင့် ပါဠိ၊ သင်္သကြိတ်၊ ပြု၊ မွန်၊ မြန်မာ၊ ရှမ်း၊ တရုတ်၊ ယိုးဒယား၊ ဓမ်လ စသည်ဖြင့် အက္ခရာအားဖြင့်၊ တရုတ်မှအစ၊ အိန္ဒိယဗြောက်ပိုင်း၊ တောင်ပိုင်း၊ သိရိဓမ္မာသောက (အသောက) ဓင်းလက်ထက်တွင် သုံးလေ့သုံးထယိုသော မြဟ္မီအက္ခရာနှင့် အဆက်အနွယ်မကင်းသော အက္ခရာတို့ဖြင့်ရေးမှတ်ထားရှာ၊ ၎င်းတို့အနက် မြန်မာဘာသာနှင့် သာ သက်ဆိုင်သော၊ မြန်မာအက္ခရာတို့ဖြင့် ရေးမှတ်ထားသော ရှေးဟောင်းကျောက်စာ၊ ပေစာ၊ လက်ရေးစာ၊ ပုံနှိပ်စာတို့ကို အရင်းထား၍၊ သုတုဂေသီတို့အတွက် စာတမ်းတစောင် အောက်တွင် ရေးသားမှတ်တမ်းတင်ခဲ့ပါသည်။

ကွန်ပြူတာမြန်မာမျိုးချစ်စိတ် ထက်သန်သော အချို့ပုဂ္ဂိုလ်တို့က၊ မြန်မာအက္ခရာသည် မြန်မာမှစတင်ဖြစ်ပေါ်လာသည်ဟုဆိုကြ၏။ အချို့ကမူကား မွန်မှတဆင့် အိန္ဒိယတောင်ပိုင်းအက္ခရာမှ ဆင်းသက်လာသည်ဟု ယူဆကြ၏။ အချို့က ပြူမှတဆင့်အိန္ဒိယတောင်ပိုင်း အက္ခရာမှဆင်းသက်လာသည်ဟုဆိုကြပြန်၏။ မွန် မြန်မာအက္ခရာဟူသည်လည်း ပေါ်ပေါက်ခေါ်ဆိုကြ၏။ မြန်မာလည်း ပြု၊ ပြုလည်းမြန်မာတို့၌လည်း ခေါ်ဆိုကြသေး၏။ ဤသို့ကွဲကဲ့ပြားပြား ခေါ်ဆိုယူမှတ်နေကြရာ၊ သုတုဂေသီတို့အတွက်၊ တကျောင်းတဝါထော တရွာတပုဒ်ဆန်းဆိုသလို၊ မိမိထို့၏အာစရိယ ပရိပုရ လဒ္ဓါပဒေသအတိုင်း ပြောဆိုမှတ်သားနေကြသည်သာ များဖဲ့ရပေသည်။ ထိုတွင် တထောင့်တဘက်ကနေ၍၊ ရှေ့ပြေးပဏာမအနေနှင့်၊ မြန်မာပြည်တွင် ရှေးအကျဆုံးဖြစ်မည်ထင်ရသော မြန်မာ

ဘာသာဖြင့်ရေးထိုးထားသော ကျောက်စာကို ရွေးနှုတ်၍၊ ၎င်းပါအက္ခရာများကိုစိစဉ်၊ ဖူးတွဲးပါဇယား အင်းစောက်တွင်သွတ်သွင်း ရေးထည့်လိုက်ပါသည်။ ၎င်းနှင့်နှိုင်းယှဉ် ကြည့်ရှုစစ်ဆေးနိုင်ရန်၊ ၎င်းနှင့်တပါတည်း တကာလတည်း ရေးထိုးသတ်မှတ်ထားသောဘပါဠိစာ၊ မွန်စာ၊ ပြုစာတို့၏ အက္ခရာဘိုကိုလည်း ထိုဇယားထွင်အစီအစဉ်ပြုလုပ် သွတ်သွင်းရေးထည့်လိုက်ပါသည်။ ထို့ပြင်၎င်းနှင့် မရွေးမနှောင်းနိုးစဝ်ကဝ်လျက်ယို့သော ရှေးဟောင်းစာပေအက္ခရာတို့ကိုလည်း၊ ထိုဇယားမှာပင် သွတ်သွင်းရေးထည့်လိုက်ပါသည်။

ရှေးအကျဆုံးဖြစ်မည်ထင်ရသော မြန်မာစာဆိုသည်မှာ အခြားမဟုတ်၊ ပုဂံမြို့ မြစေတီ ကျောက်စာပင်ဖြစ်၏။ ရှေးအကျဆုံးဆိုသည်မှာလည်း ယခုခေတ်ယခုကာလတို့ အတွက်သာလျှင်ဖြစ်၏။ နောက်အနာဂတ်ကာလတွင် သုတေသနဋ္ဌာနမှ ခွဲထွင်ပိုမိုတွေ့ဖိုရှိင်ကောင်းသည်ဟု ထင်ရသော ကျောက်စာ၊ ပေစာတို့ကို ခြွင်းချန်ထားရပေလိမ့်မည်။ ယခုအတို့ဆိုလျှင်၊ ထိုမြစေတီကျောက်စာ၏ ထူးခြားချက်တို့မှာစာကို—

(၁) ကျောက်တိုင်နှစ်တိုင်တွင် ရေးထိုးလျက်ယို့၏၊
(၂) ကျောက်တိုင်တတိုင်လျှင် လေးမျက်နှာယို့၌၊
(၃) တမျက်နှာလျှင်ဘာသာတမျိုး၊
(၄) ပါဠိ၊ မွန်၊ မြန်မာ၊ ပြုဟူ၍ ခေါ်ဆိုသတ်မှတ်အပ်သော လေးဘာသာဖြင့်၊
(၅) အကြောင်းအရာအထူပွတ္တိတခုတည်းကို ရေးထိုးစိုက်ထူထား၏၊
(၆) တတိုင်ကစာကို အခြားတတိုင်မှာလည်း တမျက်နှာလျှင် တဘာသာကျ ထပ်မံရေးထိုးထား၏။ ထို့ကြောင့် တတိုင်ကစာပျက်စီး ချို့ယွင်းခဲ့သော် အခြားတတိုင်မှ ဖြည့်သွင်းဘတ်ယူနိုင် ၏၊
(၇) ထို့ပြင်၊ ထိုကျောက်စာတွင် ပါဝင်သောဒန္တစ်ကာလ၊ ဖရိန္တေ့ဒအဝိုင်းအခြား တို့ကိုယူဆတွက်ချက်လျက်၊ ၎င်းကျောက်စာကိုထိုးစိုက်ထူခဲ့သော အဝိုင်းအခြားကို တွက်ချက်မှန်းဆနိုင်၏။ ထိုနှစ်ကာလအဝိုင်း အခြားမှာ ကျောက်တိုင်နှစ်တိုင်ပါ ဘာသာလေးမျိုးလုံးမှာပင်၊ ဘုရားသခင်သာသနာတော် တထောင်ခြောက်ရာနှစ်ဆယ်ရှစ်နှစ် လွန်လေပြီးသော်၊ အရိမဒ္ဒနပုရအမည်ယို့သော (ပုဂံ) ပြည်၌၊ ဖြိတြိဘုဝနာဒီတျာမဠရာဇာ (ကျန်စစ်သား) အမည်ယို့သော မင်းသည် မင်းဖြစ်၍၊ နှစ်ဆယ်ရှစ်နှစ်လွန်သောအခါ၊ ထိုမင်း၌ကြီးစွာသော ရောဂါ၀ေဒနာ ဆိုက်ရောက်သဖြင့်၊ နတ်ရွာစံအံ့နိုးနိုး၌၊ ၎င်း၏သားတော်ဖြစ်သော ရာဇကုမာရမင်း သည်၊ မိမိကိုမွေးသော ကျေးဇူးကိုအောက်မေ့လျက်၊ ဘခမည်းတော်သည်၊ ထိုရောဂါ၀ေဒနာမှ လွတ်မြောက်ခါချင်းသာစေခြင်း အလို့ငှါ၊ ရွှေအတိဖြင့်မြတ်စွာဘုရား ဆင်းတုတော်တဆူသွန်းလုပ်၍၌ မင်းကြီးအား ရေစက်သွန်းချလှူဒါန်းစေ၏။ ထို့နောက် ထိုဆင်းတုတော်ကို လိုဏ်ဂုဟံစေတီတော်တဆူတွင် ဌပနာတော်မူသည်ဟုပါယို့၏။ (“မြစေတီကျောက်စာ”ဟု အမည်တွင်ခြင်းမှာ၊ ထိုကျောက်တိုင်ထိုကို ရှေးဦးစွာတွေ့ယို့ရသော နေရာသည်၊ ပုဂံမြို့၊ မြင်းကပါရွာမြောက်ဘက် ချောင်းခြားရှိ့ ကပ်လျက်ယို့သော မြစေတီဘုရားဟုအမည်တွင်သော မြေစိုက်ဘုရားကိုအစွဲးပြု၍ ခေါ်ခြင်းဖြစ်၏။ သို့သော်ထိုကျောက်တိုင်သည်၊ မြစေတီဘုရားအနောက်ဘက်ဂဝ်လျက်ယို့သော ဂူပြောက်ကြီးအမည်နှင့် ကုလားကျောင်းခံ၊ အထက်ကွမ်းတောင်စေတီတက်လျက်ယို့သော လိုဏ်ဂုစေတီတော်နှင့်သက်ဆိုင်သည်ဟု ယူဆရာ၏)။

သာသနာ့တော်၊ တစ်ထောင်ခြောက်ရာနှစ်ဆယ်ရှစ်နှစ် လွန်သည်ဆိုသော်၊ ယခုအများတွက်ချက်ယူဆချက်အရ၊ မြန်မာ၀ေါဟာ ဂေါစာ ၄၄၆ ခုနှစ်နှင့်ညီမျှ၏။ ကျန်စစ်သားမင်းသည် နှစ်ဆယ်ရှစ်နှစ်မင်းမူပြီး၌ ဆိုသော် ၄၄၆ တွင် ၂၀ ခုရောက ၄၇၄ ဖြစ်၏။ ထိုနှစ်အလွန် ၄၇၅ ခုနှစ်လောက်တွင် မြစေတီကျောက်စာကို ၎င်း၏သားတော် ရာဇကုမာရမင်းသားသည် ရေးထိုးစိုက်ထူထားခဲ့တန်ရာ၏။

ထို့ကြောင့်၊ ထိုမြစေတီကျောက်တိုင်များတွင် ပါဠိ၊ မွန်၊ မြန်မာ၊ ပြုဘာသာတို့ဖြင့် ထိုးထွင်းထားသော အက္ခရာစာလုံးတို့မှာ မြန်မာ့၀ေါဟာ ဂေါစာသကရာဇ် ၄၇၅ ခုနှစ်အတွင်း ရေးမှတ်သုံးစွဲးလျက်ယို့သောအက္ခရာစာလုံးများဖြစ်သည်ဟူ၍၊ ယူဆရာ၏။ ထိုအက္ခရာစာလုံးတို့သည် ကျောင်းမွန်သေသတ်ကျန်လှသဖြင့်၊ ထိုနှစ်ထိုကာလတွင်မူပင် ဖြစ်ပေါ်လာသော လက်ရေးလက်သားမဟုတ်တဲ့ ရှေးနှစ်အတော်ကြာကပင် ဖြစ်ပေါ်နေသော အက္ခရာစာလုံးများ ဖြစ်သည်ဟူ၍လည်း ယူဆရာ၏။

မြစေတီကျောက်စာထက်စော၍၊ မြန်မာစကားပြေဖြင့် သကရာဇ် ၄၂၀ ပြည့်နှစ် (တနေရာ၌သကရာဇ် ၄၃၀ ပြည့်နှစ်) တွင်ထိုးသည်ဟုယူဆရသော အနော်ရထာမင်း၏ ကျောက်စာနှစ်ခုရပ်လည်း ယိုသေး၏။ထို ကျောက်စာတို့၏အမည်မှာ (၁) လင်္ကာသည်းရှည်ဘုရား ကျောက်စာဟူ၍၎င်း၊ (၂) ဝစီကျောင်း ကျောက်စာဟူ၍၎င်း။ နှစ်မျိုးနှစ်ဖို့မည်ခေါ်ကြပြီးလျင်၊ သကရာဇ်နှင့် နှစ်အမည်များကိုလည်း ကွဲးလွဲးစွာ ဘတ်ထားကြသည်ကိုတွေ့ယို့ရ၏။ ကျောက်စာများ အကြောင်းအရာအထွာပွမ္ဘိုမှာကား အထူတူပင်ဖြစ်၏။ ထိုအထွာပွတို့မှာ အနော်ရဓါ (အနော်ရထာ) မင်းကြီးသည် သင်္ဃဝဏ်ရဝ်တုတော်ကို ထူလုပ်ပူဇော်ပြီးလျှင်၊ ကျောင်းဆောက်၍ ဝတ္ထုကိုလယ်မြေလှူဒါန်းသည်ဟုဆို၏။ ၎င်းကျောက်စာတို့ကို အမရပူရကျောက်စာ စာအုပ်မျက်နှာ (၁) နှင့် (၉) တွင်၎င်း၊ ထိုးတော်ကျောက်စာ ဒုတိယစာအုပ်မျက်နှာ (၈၃၀) နှင့် (၈၃၀) တွင်ဆင်တူရိုးမှား စပ်ထိုးဘတ်ထားသည်ကို တွေ့ယို့ရချေသေး၏။ ထိုကျောက်စာနှစ်ချပ်အနက် (၁) လက်သည်းရှည်ဘုရားကျောက်စာမှာ၊ အမရပူရမြို့မှ ရွှေပြောင်းယူခဲ့၍ ယခုအခါ မန္တလေးနန်းတွင်း ကျောက်စာဌာနက ဆောက်လုပ်ထားသော ကျောက်စာရုံများယို့ရှိကြီးတွင် အမှတ် ၁၀ အဖြစ်ဖြင့် စိုက်ထူထားသည်ကိုတွေ့ယို့ရ၏။ ၎င်းကျောက်စာတိုင်၏အောက်ခြေ၌ “ပုဂံလက်သည်ရှည်ကျောင်” ဟုအမှတ်သညာနှင့် သကရာဇ် ၁၀၀၀ ကျော်လောက်က လက်ရေးစိုင်းစာဖြင့်ထိုးမှတ်

ရေးထားခြင်းကိုတွေ့ယှိရသဖြင့်၊ ၎င်းကျောက်စာ၏ မူလတည်ရာဌာနမှာ ပုဂံမြို့ဖြစ်ကြောင်း၊ ၎င်းနေရာမှဘိုးတော် ဘုရားလောက်ထက် ရှေးဟောင်းကျောက်စာများကို ရှာဖွေစုဆောင်းရန်၊ အဓမ္မပူရမြို့၌ ပြောင်းရွှေ့စိုက်ထူထားသော ကျောက်စာဖြစ်ကြောင်းကိုသိရ၏။ အထက်ပါ (၂) အမှတ်မူလ '' ဝံပံကျောင်းကျောက်စာ '' ကိုကားရှာဖွေ၍ မတွေ့ရသေးချေ။

လက်သည်းရှည်ကျောင်း ကျောက်စာကိုဘာတိ်ကြည့်စစ်ဆေးရာ၊ စာသွားစာလာဖြင့် ယခုခေတ်ကာလပေါ် စာများနှင့်နှိုင်းယှဉ်သော် အတော်ပင်ရှေးကျဟန်တူ၏။ လက်ရေးလက်သား အကွရာပုံသဏ္ဌာန်တို့မှာလည်းထို နည်းနှင်နှိုင်းပင်ဖြစ်၏။သို့သော်၎င်းအကွရာတို့ပုံသဏ္ဌာန်ကိုထောက်ရှုယှဉ်ပြိုင်ကြည့်ရခြင်းအားဖြင့်၊ အနော်ရထာမင်း လက်ထက်ကိုမဆိုထားဘိ၊ မြစေတီကျောက်စာထက်ပင် နောက်ကျဟန်တူ၏။ ထိုကျောက်စာတွင်ပါသော သက ရာဇ်မှာ ကျောက်စာကိုထိုးသော သကရာဇ်မဟုတ်ဘဲ၊ ထိုနှစ်ထိုကာလက အဖြစ်အပျက်ကို အခါနှင်ကာလ နှောင်းမှ အမှတ်အသားပြုလုပ်တင်ထားဟန်တူ၏။ ၎င်းကျောက်စာပါအကွရာတို့၏နမူနာပုံသဏ္ဌာန်တို့ကိုပူးတွဲးပါ ပုံစံချပ်ဇယားကွက်နံ့ပါတ် XII တွင် ကြည့်ရှုပါလေ။ ဇယားကွက်နံ့ပါတ် I မှ ဇယားကွက်နံ့ပါတ် XI ထိုတွင် ပြထားသောအနော်ရထာမင်းမှအစ မြစေတီကျောက်စာ အဆုံးအကွရာထိုနှင့် နှိုင်းယှဉ်ကြည့်ရှုပါလျှင် ကွဲးပြားခြားနားခြင်းတို့ကိုသိသိသာသာ ထင်ရှားတွေ့မြင်နိုင်ပါလိမ့်မည်။ အထူးသဖြင့်အသီးအသီး အကွရာ အ၊ ဇ၊ ဩ၊ ဩ၊ ဃ၊ ဃ၊ ဥ၊ ဓ၊ ရ တို့ခြင်းနှိုင်းယှဉ် ကြည့်ရှုပါလေ။

ထိုးတို့အပြင် မြန်မာစကားပြေဖြင့် ရေးထိုးထား၍ မြစေတီကျောက်စာထက် ရှေးကျမည်ထင်ရသော ကျောက်စာတချပ်ယှိသေး၏။ ၎င်းကျောက်စာမှာ ပုဂံသက်ဝိုးတောင်ကျောက်စာဟု အမည်တွင်၏။ ထိုကျောက်စာမှာမြန်မာပြည်ကမ္ဘည်းကျောက်စာဌာနမှ ထွက်ဝေဖြန့်ချီသော ၁၉၂၆ ခုနှစ်၊ နှစ်ချုပ်စာတမ်းမျက်နှာနံ့ပါတ် ၂၆၊ အခဏား ၂၊ အပုဒ် ၂၀ နှင့်၊ ၎င်းနှစ်ချုပ် မျက်နှာနံ့ပါတ် ၅၅ နောက်ဆက်တွဲ ဂို့-ခ (Appendix G-1) နံ့ပါတ် ၁၀ ထိုတွင် ပုဂံမြို့ တူရွင်းတောင်မှ တွေ့ယှိသော ကျောက်စာဟုပါယှိ၏။ ထိုအခါကကျောက်စာဝန် မစွတာဒူရွိုင် ဇယ်က ၎င်းကျောက်စာနှင့်စပ်လျဉ်း၍ မှတ်ချက်ရေးထားခဲ့သည်မှာ၊ စာသားအကွရာစာလုံးတို့၏ ပုံသဏ္ဌာန်များကို ထောက်ရှုဆင်ခြင်ရခြင်းအားဖြင့် ၎င်းကျောက်စာသည် ကျန်စစ်သားမင်းလက်ထက်လောက်ကဖြစ်ရမည်။ ၎င်းထက် နောက်မကျဘဲ၊ စောလျှင်သာစောမည်ဟုဆို၏။ ၎င်း၏ခန့်မှန်းခြေအတိုင်း ဟုတ်မှန်နိုင်ရာအကြောင်းယှိ၏။သို့သော် ကျန်စစ်သားမင်းလက်ထက် ထက်စောနိုင်ဘို့ရာမှာ အနည်းငယ်သံသယဖြစ်စရာ အကြောင်းများလည်းပြိသေး၏။ ထိုကျောက်စာ၏ ချွတ်ယွင်းချက်တို့မှာ ခုနစ်သကရာဇ်လည်းမပါ၊ လွှဒါန်းသူ၏အမည်လည်းမပါဖြစ်၍၊ အခြား ကျောက်စာများနှင့် နှိုင်းယှဉ်စံနမူနာ အကိုးအကားပြုလုပ်ရန် မြစေတီကျောက်စာလောက် ခိုင်လုံခြင်းမပြိပေ၊ သို့အတွက် ၎င်းနေရာ၌ မြစေတီကျောက်စာတို့ကိုသာ နမူနာပြုလုပ်ထားခြင်းဖြစ်၏။ သက်ဝိုးတောင်ကျောက်စာပါ အက္ခရာတို့၏ ပုံသဏ္ဌာန်များလည်း ပုံစံချပ်နံ့ပါတ် (၁) ဇယားကွက် VI တွင် သွတ်သွင်းလျက်ပါယှိ၏။

မြန်မာစကားပြေဖြင့် ထိုးထား၍ မြစေတီကျောက်စာထက် ရှေးကျမည်ထင်ရသော ကျောက်စာတချပ်ယှိပြန်သေး၏။ ထိုကျောက်စာကို မြန်မာနိုင်ငံရှေးဟောင်း သုတေသနညွှန်ကြားရေးဝန်၏ ၁၉၅၄-၅၅ ခုနှစ်အတွက် နှစ်ချုပ်အစီရင်ခံစာအခဏား ၃ ရှေးဟောင်းကမ္ဘည်းစာပေတွင် အောက်ပါအတိုင်းတွေ့ယှိရ၏။

ပုံစံမြို့ထိုးလိုမင်းလိုဘုရား၏ အရှေ့တောင်ဘက် ဝဏ္ဍနတော ခေါ် နဘဲးတောဘုရားစု တည်ယှိသော ယာအတွင်းမှ မျက်နှာဘက်တွင် စာကြောင်းရေ ၄၆ ကြောင်းပါယှိသော ကျောက်စာတချပ်ကို တွေ့ယှိ၏။ ယင်းကျောက်စာမှာ ၁၉၂၇ ခုနှစ်က ပဌမအကြိမ် တွေ့ယှိကြောင်း မှတ်တမ်း၌ တွေ့ရလေသည်။ သို့သော်စာ ကြောင်းများမှေးမှိန်နေ၍ ဖတ်မရ၍ လျစ်လျူရှုထားပုံရသည်။ ထိုကျောက်စာကို ပုဂံပြိတိုက်သို့ ရွှေ့ပြောင်းဆိုက်ထူ ထားကာမင်ကူးမူအသစ် ကျန်စွာကူးယူပြီးလျှင် ဘ်ဌာနမှပြိုးစားဖတ်ရှုလေရာ အလွန်ရှင်အမည်မှတပါး၊ ကောင်း မှုပြုသော သာသနာ့ဘဏ္ဍာရာဇဝင်၊ လူမဲ့နိုးသည့် ဝတ္ထုအဆောက်အဦနှင့် ကျွန်သိးတော်များစာရင်းကို ဖတ်နိုင် ပါသည်။ ယင်းကျောက်စာ၏ ပဌမစာကြောင်းသုံးကြောင်းမှာ အောက်ပါအတိုင်း လာယှိလေသည်။

၁။ ဖြိ။ဝ။ပူဟြာသ္ဒိင် သာသနာအနှေစ် တထောင် ခြောက်ရှာဝါဆယ်။

၂။ သောနှစ်လေသ် _____ နှိုက် _____

၃။ တနာသုံပါ ယုံကြည်စွာရှယ်—ပုရှာကိုဝ် _____

''သာသနာအနှစ် တထောင် ခြောက်ရှာဝါဆယ် သောနှစ်လေသ်'' ဆိုသော် ၎င်းနှစ်သည် ကျောက်စာ ထိုးသောနှစ်ဖြစ်ခဲ့သော် မြစေတီကျောက်စာရေးထိုးသောနှစ်ထက် ခြောက်နှစ်လောက်စော၏။ ထို့ကြောင့် ယင်းကျောက်စာပါ အက္ခရာစာလုံးတို့၏အစီအစဉ်ကိုလည်း ပုံစံဇယားအကွက်နံ့ပါတ် VII တွင်သွတ်သွင်းပြထား လိုက်ပါသည်။ အ၊ ဥ၊ ဩ၊ အက္ခရာစာလုံးနှင့် အချို့အက္ခရာစာလုံးတို့မှာ ပြည်ရွှေဆံတော်၊ ပုဂံရွှေစည်းခုံ၊ မွန် ကျောက်စာများတွင် ပါသောအက္ခရာစာလုံးတို့၏ ပုံသဏ္ဌာန်များနှင့် ထပ်တူထပ်မျှလောက်ဖြစ်သည်။ ကျောက်စာ အဝသို ''ဖြိ။ ဝ။ ပူ ဟြာသ္ဒိင်သာသနာအနှေစ်'' ဆိုသောစကားအသုံးအနှုန်းတို့မှာလည်း၊ ''မြစေတီမြန်မာ စကား ပြေ'' တွင်သုံးသောစကားအသွားအလာတို့နှင့် ခပ်ဆင်ဆင်တူကြသည်။ သို့သော်ဂင်းကျောက်စာမှာ အပျက်အစီး အပွန်းအပဲ့၊ စာလုံးများအများအားဖြင့် ပြုန်းတီးပျက်စီး၍ ကျောက်တိုင်ကျောဘက်ကစာမှာ မဖတ်နိုင်အောင်ပင် လုံးဝပြုန်းတီးနေခြင်းများကြောင့်၊ အနည်းငယ်ဘင်ရှားသော စာလုံးအက္ခရာများကိုသာလျှင် ရွေးကောက်၍၊ ဇယားတွင်သွတ်သွင်း ပြထားလိုက်ပါသည်။

မြစေတီကျောက်စာမှာ အထက်ကဖော်ပြခဲ့သည့်အတိုင်း ပါဠိ၊မွန်၊မြန်မာ၊ ပြူဟူ၍ လေးဘာသာဖြင့်ရေးထိုး ထားရာ၊ ဇယားအကွက်နံ့ပါတ် (VIII မှ X) တို့တွင် ပြထားသည့်အတိုင်း ၎င်းတို့ပါအက္ခရာများကို စစ်ဆေး ကြည့်ရှုလျှင်၊ တဦးနှင့်တဦး ဆင်တူရွိုးမှားမကွဲးခြားလွှဘဲး ထပ်တူထပ်မျှလောက်ယှိ၍ ပြူအက္ခရာစာလုံး (ဇယား အကွက်နံ့ပါတ် XI) များနှင့် စပ်၍ကြည့်လိုက်သော် အတော်ပင်ကွာခြားနေခြင်းများကို တွေ့မြင်ကြရပါလိမ့်မည်။

မြန်မာရာဇဝင်တို့တွင် ပုဂံတဆယ့်ကိုးရွာကို ပြူတို့စတင်တည်ထောင်လာခဲ့သည်ဟုဆိုသည်။ ပြူစောထီးအ မည်နှင့် မင်းစဝါးလည်းအထင်အရှားယှိသည်။ ထိုအခါ မြန်မာဟူသောအုမည်သည် ရာဇဝင်တွင် ပေါ်ထွန်းလာ သည်။ ပြူနှင့်မြန်မာတို့သည် နောပြွမ်းလျက် နှစ်လရှည်စွာ နေထိုင်ကြပြီးနောက်ပြူလူမျိုးသည် မြန်မာလူမျိုးထဲးတွင် ကွယ်ပျောက် တိမ်ကောသွားကြရှာသည်။ ၎င်းတို့၏ ပရိယတ်စာပေနှင့်တကွ ယဉ်ကျေးမှုမှာ ခရစ်တော်နှစ် ပဌမ ရာစုနှစ်လောက်ကဖင် ထင်ရှားယှိကြောင်းကိုခန့်မှန်းရသည်။ သို့ပါလျက် မြန်မာအက္ခရာနှင့် ပြူအက္ခရာတို့မှာ မြစေ တီကျောက်စာထိုးတွင်ကွာခြားလျက်နေကြောင်း၊ တဘက်ကကြည့်လိုက်သော်မြန်မာအက္ခရာသည် ပါဠိ၊မွန်အက္ခရာ တို့နှင့် အရေးအသားတူမျှလျက်နေကြောင်း တွေ့ယှိရသည်မှာ စဉ်းစားစရာအကြောင်းများ ထင်ရှားနေလေသည်။ မြစေတီကျောက်စာတို့ထက် နှစ်အတန်ငယ်ရှေးကျသော ကျန်စစ်သားမင်း၏ ကျောက်စာတို့မှာလည်း မြန်မာ ပြူ ဘာသာမရောစပ်ဘဲး မွန်ဘာသာနှင့် မွန်အက္ခရာဖြင့်သာ ရေးထိုးလျက်ယှိကြောင်းတွေ့ရသည်။ ၎င်းအက္ခရာတို့မှာ လည်း မြစေတီ မြန်မာအက္ခရာများနှင့် ထူးထူးခြားခြားကွာခြားခြင်းမယှိပေ။ ၎င်းတို့ထက်နှစ် ၅၀ ကျော်လောက် စောမည်ဟုယူဆရသော အနော်ရထာမင်း၏ ပါဠိဘာသာဖြင့် လက်ရေးစာတွင် မြစေတီကျောက်စာ ပါဠို မွန်၊ မြန်မာအက္ခရာတို့နှင့် တဆက်တည်းတစပ်တည်း အက္ခရာတို့ဖြင့် ရေးမှတ်လျက်ယှိခြင်းကိုတွေ့ရသည်။ ကျန်စစ်သား ခေတ်နောက်မှ ရှေးသို့တိုးတက်ကြည့်လိုက်ပြန်သော် ယခုခေတ်အထိ မြန်မာနိုင်ငံမင်းသုံး၊ ရိုးသုံး၊ နိုင်ငံနှင့်အမျှသုံး သော အက္ခရာမှာပါဠို၊ မွန်၊ မြန်မာအက္ခရာ ဖြစ်ကြောင်းကိုသာလျှင် တွေ့ရသည်။ တနည်းအားဖြင့်ဆိုသော် အနော်ရထာမင်းလက်ထက်မှစ၍ ယခုခေတ်ကာလအထိ မြန်မာနိုင်ငံတွင် ပါဠို၊ မွန်၊ မြန်မာ သုံးဘာသာအတွို အက္ခရာတချိုးတည်း၊ ပါဠိလည်းမွန်၊ မွန်လည်းမြန်မာ၊ မြန်မာလည်းပါဠိဖြစ်၏။ သို့သော် ထိုသုံးဘာသာအတွက် တပေါင်း တည်းပြိုင်ယှဉ်ဖော်ပြသွားလောက်အောင်ရှေးဟောင်းစာပေများကိုအနော်ရထာမင်းလက်ထက်မတိုင်မီက၊ မြန်မာဘုံညီတွင် ဂူးစမ်းရှာဖွေ၍ မရသေးချေ။ အသေအချာ ပြောရမည်ဆိုလျှင် မြန်မာအက္ခရာအတို့မှာ အနော်ရ ထာမင်းထက်စော၏။ (သကရာဇ် ၄၀၆–၃၉) မြန်မာပြည်တွင် မတွေ့ရသေးချေ။ မွန်တို့မှာဆိုလျှင်လည်း ထိုနည်းတူပင်ဖြစ်၏။ ထိုအကြောင်းများနှင့်စပ်လျဉ်း၍ သတိမူရန်တချက်မှာ၊ ပုဂံပြည်၌ အနော်ရထာမင်းသည်၊ ရှင်အရဟံနှင့်တွေ့ဆုံ၍ သရဏဂုံတည်ပြီးနောက်၊ ရှင်အရဟံကမိန့်တော်မူသည်မှာ ''ဘုရားရှင်သာသနာတော် သုံးပါးတွင်၊ ပရိယတ္တိသာသနာတော်ယှိမှ၊ ပဋိပတ္တိသာသနာတော်ဖြစ်နိုင်သည်။ ပဋိပတ္တိသာသနာတော်ဖြစ်မှ၊ ပဋိဝေသာသနာတော်ဖြစ်နိုင်သည်၊ ပရိယတ္တိဟူသော ပိဋကသုံးပုံသည် မယှိချေသေး။

သထုံပြည်၌၊ ပိဋကတ်သုံးပုံကို တုံးခေါ်၍ အစုံသုံးဆယ်ယှိ၏။ မွေတော်ခါတ်တော်လည်း များစွာယှိ၏ ဟူ၍ မိန့်တော်မူလျှင်၊ မင်းကြီးလည်းလက်ဆောင်ပဏ္ဏာကာရအများ စီရင်တော်မူ၍ လိမ္မာသော အမတ်တယောက် ကိုသာယာချေငံ့စွာသောစကားဖြင့်၊ သထုံပြည်သို့စေ၍ တောင်းရလေ၏။'' ထိုစကားရပ်များ၏အနက်အဓိပ္ပါယ် ကိုကောက်ယူဆောက်ချင့်ရင်းခြင်းအားဖြင့်၊ ပုဂံပြည်၌ အနော်ရထာမင်းမတိုင်မီ ပါဠိပိဋကတ်တော်မယှိက ကျန်ပ်တို့ယခုဤနေရာ၌ ပြောဆိုဆွေးနွေးနေကြသော ပါဠိအကွရာမယှိသေး။ ပါဠိအက္ခရာမယှိက၊ မွန်အက္ခရာမယှိသေး။ မွန်အက္ခရာမယှိက၊ မြန်မာအက္ခရာမယှိသေးဟု သို့လော သို့လော တွေးတောရာယှိ၏။ စာပေအရေးအသားအက္ခရာစဉ်နှင့် စပ်လျဉ်း၍ ပုဂံပြည်၌ အနော်ရထာမင်း မတိုင်မီပြုတို့၏အစအနကို လက်ဆုပ် လက်ကိုင်တင်ပြနိုင်တို့ရာ စိုးစဉ်းမျှတွေ့ရသေးချေ။ သို့သော်ပြုတို့၏ စာပေပရိယတ်တို့မှာ အနော်ရထာမင်းပုဂံ ခေတ်မတိုင်မီ နှစ်ပေါင်းများစွာကပင် သရေခေတ္တရာပြည်၌တည်ထွန်းလျက်ယှိ၏။ မွန်စာပေမှာလည်း ယခုထိုးဒယား ခေါ် ရှေးမွန်တို့၏ ရာဇဌာနီဖြစ်မည်ဟုထင်ရသော ဒွါရာဝတီ တနှသ်ာရီပြည်၌ ရှေးဆွေးကပင် တည်ထွန်းလျက် ယှိ၏။ ထိုဒေသကြောင်းကိုထောက်၍၊ ကွယ်လွန်သူမြန်မာပြည်ကမ္ဘည်း ကျောက်စာဝန်ဟောင်း မစွတာဒူရွိုင်းဇယ်၏ ယူဆချက်မှာ၊ မွန်စာပေအက္ခရာစာလုံးတို့သည် ခရစ်တော်ပေါ်ပြိုးနောက် နှစ်ပေါင်း ၂၀၀-၃၀၀ လောက်အတွင်း တွင်ပတင်ပေါ်ထွန်းလျက် ယှိသည်ဟုဆို၏။ ၎င်း၏ယူဆချက်ကို စေ့စုံလင်စွာ သုတဂဝေသီသို့လွှယ်လင့်တကူ ဘတ်ရှ မှတ်ယူနိုင်ကြစေရန်၊ ၎င်း၏မှတ်တမ်းမူကို မြန်မာပြည်ကမ္ဘည်း ကျောက်စာဌာန၊ ၁၉၁၉ ခုနှစ်၊ နှစ်ချုပ်စာ တမ်းမျက်နှာနံ့ပါတ် ၁၈-၂၁ အစုဒ် ၄၀-၄၁ မှထုတ်ယူအောက်တွင် ရေးသားထည့်သွင်းလိုက်ပါသည်၊ ၎င်ကဲ့သို့ ရေးသားငဲ့ိုက်ရခြင်းမှာ အများပြည်သူတို့အတွက်ဆိုလျှင် ထိုနှစ်ချုပ်စာတမ်းကို လွယ်လင့်တကူရှာဖွေရ အလွန်ခဲ ယည်းပေသည်။

The oldest *Talaing inscription, 6th-7th century A.D.

The late Dr. Forchhammer in his Jardine prize Essay, page 22, makes the statement that " The Muns (that is, the Mons or Talaings) have no doubt for the last two thousand years occupied the western coast of the Indo-Chinese peninsula. Their literature is old and their inscriptions range over a period of 14 centuries." On what he based himself in ascribing so high an antiquity to Talaing lithic records is not apparent, for, up to the present, the oldest inscriptions in Talaing that had been found did not antedate the 11th century A.D. No doubt, bearing in mind the relative antiquity of culture among the Talaings,

* ဤကောက်နှတ်ချက်တွင် " Mon " ဟုသော စာလုံးနေရာ၌ " Talaing " ဟု၍ပါ၌ရာ ဂူးတိုပျက်စေလို၍ မူအ တိုင်းထည့်သွင်းလိုက်ပါသည်။ " Talaing "ဟူသောနေရာတိုင်းတွင် "မွန်" ဟု၍ထည့်သွင်းဖတ်တော်ရုကြပါကုန်။

who were in possession of the Buddhist Pali Scriptures from the 4th or 5th century A.D., he deduced that lithic inscriptions ranged over the same period. This deduction was not illogical, as is apparent, when considered in the light of what happened in Campa and Cambodia, where inscriptions followed very soon the introduction of an alien religion in those countries. Moreover—the spirit of Forchhammer will now rejoice—it was a very shrewd deduction, which is now fully confirmed by the coming to light of a Mon Inscription belonging to the 6-7th (Sic) century A.D. It was discovered some years ago at Lopburi in Siam in a monument called San Sung; it was for some time placed in the Ayuthya Museum and then sent to the Vajirañāna National Library at Bangkok. There it was, says M. Coedès, marked as being in an "unknown language." Fortunately, M. Coedès, now Director of the National Library, remarked in it some unmistakably Talaing words, upon which he was so kind as to make it over to me by sending me a good estampage with a tentative decipherment. Judging from the estampage, the stone is 2 feet 4 inches in height and 2 feet 5 inches in breadth. But only a little more than half the surface is covered with letters; it does not consist of a single inscription, but of four; the first in the middle on the left hand, containing three lines of 6 inches each; the second in the middle from the top, it has 11 lines of 10 inches each; the third is at the top on the right hand and contains 6½ lines, 10 inches long; the fourth is at the bottom under No. 2, it consists of three lines each 6½ inches long; these were originally somewhat longer, for traces of letters are seen on the right, where the stone has flaked off. These inscriptions do not appear to contain any new historical data, but an enumeration of gifts dedicated to the temple. Curiously enough, however, this inscription seems to confirm local traditions, for, according to the history of Cāmadevī, the princess who founded Haripuñjaya (Lampnhun) in the 7th century, was daughter of the king of Lopburi (old Lavo) and the wife of the king of Ramaññadesa, that is, the Talaing country. Talaing histories do not, so far as I am aware, mention this princess. The great interest of this inscription does not, therefore, lie in its contents, but in the fact that it is the oldest Talaing inscription as yet found, and corroborates the tradition, current among the Talaings and the Burmese, that the former possessed an alphabet and a vernacular religious literature from the early centuries of the Christian era. It will also constitute an important link in the history of palaeography in Burma, the only other inscriptions, of about the same period found in Burma, at Prome, being Pyu. M. Coedès, on palaeographic grounds- and I agree with him— places its dates about the 6th-7th centuries A.D., "for its characters are, indeed, quite analogus to those used in Cambodia at that date." The inscription has not yet been satisfactorily deciphered; it presents some difficulty in its Vocabulary which, though short, contains some archaic words the sense of which has yet to be settled; a good many are readily indentified, such as kyāk, a temple, the Buddha; wó, this; pa to make; ey, I; glik, a lion cloth, clothes; jlow, cattle; kwel, cart; moy, one, etc."

The Lopburi Inscription and the Talaing alphabet

"The Lopburi inscription is important principally in that it confirms what was up to now merely a surmise— a surmise, it is true, founded on strong circumstantial evidence, that is, the relative antiquity of Talaing culture. The forms of the characters of this inscription, when compared with those of some Cambodian incriptions of the same period, and with the alphabets given in Plate VII of Buhler's Indian palaeography and with those in Burnell's South-Indian palaeography do not leave room to doubt that, as stated by M. Coedès, they belong to the period 6th-7th centuries. It is the oldest document found up to now, which does not mean that it is altogether the oldest; it must be borne in mind that the oldest sites in Lower Burma, excepting to a certain extent, Prome, have not yet been thoroughly searched and explored, and that they may still yield us some more inscriptions as old or, perhaps, older than the present one. Any way, it is now certain that in the 6th-7th century the Talaings were already writing in their own language, and used words derived from the Pali and Sanskrit; it may be presumed they had probably done so about one or two centuries earlier, for the tradition, which we see greatly corroborated by this inscription, places the introduction of the Buddhist Scriptures, and therefore of letters, about the 5th century A.D. This brings us to the question of the origin of the Talaing alphabet; it is not an altogether new question, but up to the present, there was nothing tangible to go upon, except the Kyanzittha Talaing inscriptions, which carry us only to the last quarter of the 11th century, although their palaeography points unmistakably out to one of the south Indian alphabets as the origin of their writing. Mr. Blagden was informed by the late Professor Kern that the form of the alphabet in the early Mon records "is very nearly indentical with that of the contemporary javanese inscriptions." It had long been remarked that most of the alphabets of the nations of Indo-China (Campa, Cambodia, Mon), and of Indonesia had the greatest resemblance to those used, in the 5th-6th century of our era, by the kings of Vengi, the pallavas and the Kadambas. These archaic South-Indian alphabets are now grouped under the general term "Telugu-Canarese," for whether from the east or the west, they do not differ very much, and show among themselves a very remarkable resemblance. This narrows the field of research about the prototype of the Talaing alphabet. Two Pali inscriptions in the Kadamba character, attributed to about the 6th century, have been found at Prome, near Hmawza; one at Maunggan and the other near the Bawbawgyi Pagoda, this is no doubt the prototype of the Pyu alphabet, for the Pyu, we know, were settled in and about Prome, the Kadambas of Vanavasi, in north Canara, belonged to the west of South India; Talaing tradition, on the other hand, points to the east as the original source of Talaing culture; and it is, I think, in one of the Telugu-Canarese alphabets

of the east that we shall have to look for the origin of the Talaing alphabet. In this connection, Kāñcipura (Conjevaram); a great centre of Hinayāna Buddhism in the 5th century, comes naturally to the mind. Talaing tradition often speak of close intercourse between Rumaññadesa and Kāñcipura. Forchhammer had already noticed this— "Talaing records contain information about Southern India, which, I believe, are not found in the annals of other nations of India and Indo-China. It bespeaks an intercourse with the eastern coast of the Dekkhan during the supremacy of Buddhism in those regions. The city of Kāñcipura (Conjevaram) is often mentioned" and further on "The Talaing letters and the architectural style of their religious buildings are of South Indian origin; their older records evince an intimate acquaintance with the Buddhist literature of Eastern Dekkhan up to the 10th century, and excepting their own, with that literature only."

"Talaing notes on Pāli Buddhist literature often mention Dhammapāla, the great commentator, who dwelt at Kāñcipura, and was a contemporary of the famous Buddhaghosa, in the 5th century. M. Finot, too, thinks that there may have been two currents of emigration from the South-west coast of India, one to Cambodia (which received its letters from Pattadakal near Vanavasi) and the other to lower Burma. He thinks it, however, strange, that the current to Cambodia should have brought with it Civaism and Sanskrit, and the other Hinayanist Buddhism and Pāli, and concludes that the alphabet of the Pallavas of Kāñcipura, may very well be a second possible origin (instead, there fore, of the Kadambas) for the alphabet of the Prome inscriptions mentioded above, "for", says he, "we must not forget that Kancipura was a centre of Pāli culture and that there lived, in the 5th century, the commentator Dhammapala." Forchhammer was of opinion that the Talaing alphabet was originally derived from the Vengi and Burnell says that the Vengi and the Pallava do not differ sufficiently to constitute separate varieties of the "Cave" characters, although, of course, there are a few differences. An examination of the Lopburi inscription shows that a few letters appear to be closely related to the Pallava; it must, however, in this connection, be borne in mind that—as has already been pointed out above—most of the early South-Indian alphabets closely resemble one another. The conclusion to be drawn from the preceding considerations is that, in all probability, the Talaings derived their letters from the alphabet used by the Pallavas of Kāñcipura or a very closely allied one, the Vengi, at the same time that they received from that once great centre of Hinayānist learning their religion and their Pāli books, that is, about the fourth or fifth century."

အထက်ပါကောက်နှုတ်ချက်များအရ သုတေသီပြည်သို့ခရစ်တော်နှစ် ၄၀၀ စု၊ ၅၀၀ စုလောက်တွင် ပါဠိဓိဋ္ဌကတ်တော်ရောက်ပို့ကြောင်းပါရာ၊ မည်သည့်အကွာအဝေးနှင့် ရောက်ပို့လာပါသနည်းဟု မေးစရာအကြောင်းဖြစ်ပေါ်လာလေသည်။ မေးလည်းမေးကြသည်၊ ၎င်းမေးခွန်းကိုကြေနပ်လောက်အောင် ဖြေကြားနိုင်ကိုရာမှာ ယခုတော်ကာလအထိသုတေသီပြည်သို့ ရှေးဦးစွာ ဧရောက်ပို့လာသော ပိဋကတ်တော်များ၏ အစအနများကို ရှာဖွေမတွေ့ရသေးသဖြင့် အဆုံးအဖြတ်ကိုကျနသေချာစွာ မပြောဆိုနိုင်သေးချေ။ ပေးနိုင်သောအဆုံးအဖြတ်မှာလည်း မှန်းဆထင်မြင်ချက်လောက်များသာဖြစ်တန်ရာသည်။ သို့သော်ခရစ်တော်နှစ် ၁၉၂၆ ခုနှစ်က ဤကမ္ဘည်းကျောက်စာဌာနက သရေခေတ္တရာမြို့ဟောင်း နေရာတနေရာဖြစ်သော ခင်ဘားကုန်း၌ တွေ့ယိုထားသော ပိဋကတ်တော်များမှ ကောက်နုတ်ချက်များပါလိုသော ရွှေပေသ္တာတို့တွင် ရေးသားထားသော အက္ခရာတို့ကို စစ်ဆေးထောက်ရှုဆင်ခြင်ခြင်းအားဖြင့်မြန်မာပြည်သို့ ရောက်လာသော ပိဋကတ်တော်များမှာ ခရစ်တော်နှစ် ၄၀၀ စု၊ ၅၀၀ စုလောက်တွင် အိန္ဒိယတောင်ပိုင်းတွင် သုံးစွဲးရေးသားလျက်ယိုသောအက္ခရာများနှင့် ရေးမှတ်ကြသည်ဟုယူဆရပေမည်။ ဤသို့ပင်ဆိုသော်လည်းရနိုင်ပြည်၊ ၀၀သာလီမြို့စည်ကားစဉ်အခါက သုံးစွဲလေ့လာလျက်ယိုသော အိန္ဒိယမြောက်ပိုင်း အက္ခရာတို့ကိုကား ကျန်ရှိတွေ့ရှိရန်လွန်ခဲလှပေသည်။ ဧရနိုင်ပြည်၌လည်း အိန္ဒိယမြောက်ပိုင်း အက္ခရာနှင့် သင်္ကြိုက်ဘာသာဖြင့်ခရစ်တော်နှစ် ၄၀၀စု-၅၀၀စု လောက်အတွင်းတွင် ဗုဒ္ဓဘာသာ ထွန်းကားစည်ပင်လျက်ယိုကြောင်းကို ၎င်းပြည်၌ တွေ့ယိုရသော စဉ်မြင်းတို့လက်ထက် ရေးထောင်းကျောက်စာတို့က သက်သေခံလျက်ယိုရသည်။ တနည်းအားဖြင့်လည်း ယခုမန္တလေးမြို့တွင် ရောက်ယိုနေသော ရခိုင်ပြည်မဟာမြတ်မုနိဘုရားကြီးက ရခိုင်ပြည်၏ ဗုဒ္ဓဘာသာအခြေအမြစ်ကို ညွှန်ပြလျက်ယိုနေပေသည်။

ထိုရှေးဟောင်းကျောက်စာပေစာများကို စုဆောင်း၍၊ အက္ခရာများကိုစိစဉ်ကာ ဇယားအင်းစောက်ပြုလုပ်ပြီးလျှင်၊ သုတဝေသီတို့ ဝေဘန်ကောက်ယူသုံးစွဲနိုင်ကြရန် ကမ္ဘည်းကျောက်စာဌာနက နှစ်စဉ်ထုတ်ဝေဖြန့်ချိနေသော နှစ်ချုပ်စာတမ်း တိုတွင်ဖြစ်စေ၊ သီးခြားစာစောင်ဖြင့်ဖြစ်စေ ထည့်သွင်း ရေးသားဖေါ်ထုတ်ရန် ကြံစည်အားထုတ်လျက် ယိုကြောင်းကို အများသိစေအပ်ပါသည်။

အခန်း ၆

အထွေထွေ

သာသနာ ၂၅၀၀ ပြည့်ပွဲးတော်

အစိရင်ခံသည့်နှစ်မှာ ဗုဒ္ဓဘာသာသာသနာ့၏ ၂၅၀၀ ပြည့်မြောက်သော နှစ်ထူးနှစ်မြတ်ကြီးနှင့်ကြုံကြိုက်လျက်ယိုပါသည်။ မြန်မာပြည်သို့သာသနာတော် ရောက်ယိုလေ၊ပေါက်ထွန်းကားလာသည့်အချိန်ကုန်စ၍ သံဃါယနာတင်ပွဲဆင်နွှဲခဲ့ကြသည်ကုန် နှစ်ကြိမ်တိုင်မြောက်ခဲ့လေပြီ။ ပဌမတကြိမ်ကား မန္တလေးမြို့တည် နန်းတည် မင်းတုန်းမင်း

Pc. 1563.

တရားကြီးလက်ထက်တွင်ဖြစ်ခဲ့သည်။ မန္တလေးတောင်ခြေဖျိ ကုသိုလ်တော်ဘုရားအတွင်း ကျောက်ထက်အက္ခရာ တင်ထားသော စာမျက်နှာနှစ်မျက်နှာပါဟိုသည့် ကျောက်ပြား ၇၂၉ ဆူကို ယခုတိုင်ကြည်ညိုဘွယ် ဖူးတွေ့နိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ပြီးသည့်နောက် တင်တော်မူသော သံဂါယနာတင်ပွဲနှစ်ခု ဆဋ္ဌအကြိမ်မြောက်ဖြစ်၍ အဆင့်ဆင့်အားဖြင့် ဆောင်ရွက်ခဲ့ကြသည်မှာ ၁၃၁၀ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဆုံးခန်းတိုင်သို့ ရောက်ဟိုခဲ့ခဲ့လေသည်။ သံဂါယနာတင်အပြီးတွင် သာသနာ့သဘင်ဂုရုတ် ၂၅၀၀ ပြည့်သောအထိမ်း အမှတ်အဖြစ်ဖြင့် အောင်ပွဲးကြီးတရပ်ကို ဗုဒ္ဓသာသနအဖွဲ့ကကြီးမှူး၍ သီရိမင်္ဂလာကုန်းမြေတွင် ဆင်ယင်ကျင်းပခဲ့လေသည်။

ထိုပွဲးတော်ကြီးသို့ ကမ္ဘာအရပ်ရပ်မှ ထေရဝါဒီဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတိုကလည်း၊ အားပါးတရတက်ရောက်ဖြီး မိမိတို့ဆောင်ရွက်ဘွယ် ကဏ္ဍအစိတ်အပိုင်းမှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရလေသည်။ မြန်မာပြည် အစိုးရဌာနအသီးသီးကလည်း ဆိုင်ရာလုပ်ငန်းများကို သရုပ်ပြသောအားဖြင့် ပြခန်းများကို ခင်းကျင်းပြသကြလေသည်။

ဤကဲ့သို့ကြီကြိုက်ခဲ့လှသော အချိန်အခါကြီးတွင်၊ ဤဌာနကလည်း ပြခန်းတခုကိုတာဝန်ယူ၍ ရှေးဟောင်း သာသနာ့ပစ္စည်းများ၊ တခေတ်မှတခေတ်သို့ အဆင့်ဆင့်ကူးပြောင်း ထုလုပ်ကိုးကွယ်ကြသော ဗုဒ္ဓရုပ်ပွါးတော်များ၊ ကျောက်စာမင်ပွတ်များနှင့် ဓါတ်ပုံများကို အများလွယ်လင့်တကူ လေ့လာသိယှိနိုင်ရန် တင်ပြခဲ့ပါသည်။

ပုဂံမြို့နယ်တဝိုက်တွင် အနော်ရထာမင်းမှ အစပြု၍ မင်းအဆက်ဆက်တို့ တည်ထားကိုးကွယ်ကြသော ရှေးဟောင်း စေတီပုထိုးများ ပါဝင်သည့် ပုဂံမြေပုံကြီးကို ၆၂ပုံစံ ပြုလုပ် ခြယ်လှယ်ပြသခဲ့ပါသည်။

ဆွေ့သည်တော်များ

ဆဋ္ဌသံဂါယနာတင်ပွဲးကြီးကို အကြောင်းပြု၍ ကြွရောက်လာကြရသော ဆွေ့သည်များမှာ ယိုးဒယားနိုင်ငံမှ သာသနာပိုင်နှင့် ရဟန်းတော်များ၊ ကမ္ဘောဒီးယား သာသနာပိုင်နှင့် အမှဲဝင်များ၊ အိန္ဒိယ၊သီတိုင်း၊ တရုတ်၊ဂျာပန် စသည်အားဖြင့် မြောက်မြှောက်လေစွာသော ထေရဝါဒီဗုဒ္ဓသာသနာဝင် ရဟန်းရှင်လူ အများအပြားဖြစ်ကြဖါသည်။

